ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (7-6-2011) (၆၇၈၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဂျာမန် လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ H.E. Mr. Markus Loning အား နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်
ဂျာမန်လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဂျာမန် လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ H. E. Mr. Markus Loning အား ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျာမန်လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ H. E. Mr. Markus Loning နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Julius Georg Luy လည်း တက်ရောက်သည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း (၂၀၁၀) တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု သိသာစွာလျော့ကျလာသည်ကို စစ်တမ်းများအရတွေ့ရ
၂၀၀၄-၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၃၂ ရာခိုင်နှုန်းရှိ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းလာ

နေပြည်တော် ဇွန် ၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(ယူအန်ဒီပီ)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) နှင့် ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(Sida)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း ၂၀၁၀ တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားရာတွင်လွန်ခဲ့သော နှစ်ပတ်က **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ကြေးမုံ The Mirror

၇-၆-၂၀၁၁ (အင်္ဂါနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထာဝစဉ်

သစ်ပင် သစ်တောများသည် လူသားများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနားနေရေးတို့အတွက် အရေးပါသည်။ ရေမြေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတု ညီညွတ်မျှတရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝရေး၊ စားနပ်ရိက္ခာဖူလုံရေး စသည်တို့အတွက်လည်း အဓိကအထောက်အကူပြုလျက်ရှိသည်ကို တွေ့ရသည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက်တွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ **"သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့နေရေးအတွက် အခြေခံအကြောင်းရင်းတစ်ခုဖြစ်သော သစ်တောသစ်ပင်များ ရေရှည်တည်တံ့စေရန် တက်ကြွစွာ အကောင်အထည်ဖော် ထိန်းသိမ်းပေးသွားကြရန်နှင့် နှစ်ရှည်လများစွာ ကြိုးပမ်းဆောင်ရွက်လာခဲ့သော မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြပါစို့"** ဟူ၍ တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံသည် သစ်တောသစ်ပင် ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ကပင် ဆောင်ရွက်လာခဲ့သည်။ သို့ရာတွင် တိုးပွားလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖြည့်ဆည်းမှုများနှင့်အတူ သစ်တောမြေများ လျော့နည်းလာခဲ့ရသည်။ ထို့အတူ စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲမှုများလည်းရှိခဲ့ရာ သစ်တောများ လျော့နည်းပြုန်းတီးလာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၇ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရသည်။

ယခုအခါ နိုင်ငံတော်က ရှိရင်းစွဲ သဘာဝသစ်တောများ၊ ကြိုးဝိုင်းတောများကို အလေးထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်အစိုးရက ကျွန်းစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများ အပါအဝင် သစ်တောစိုက်ခင်းအများအပြားကို တည်ထောင်ပေးနိုင်ခဲ့သည်။ တစ်ဖက်မှလည်း ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းများကို အားပေးလျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၌လည်း သစ်တောစိုက်ခင်းများ တည်ထောင်လျက်ရှိသည်။ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲစေခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်းတို့ကြောင့် အဆိုပါဒေသများတွင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်ကို တွေ့ရသည်။ အလားတူ ပင်လယ်ကမ်းခြေရှိ ဒီရေတောများသည်လည်း စီးပွားရေးလုပ်ငန်းများကြောင့် ပျက်စီးပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒီရေတောပျိုးထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်နေပြီဖြစ်သည်။

သစ်တောသစ်ပင်များသည် လူသားတို့အတွက် အစားအစာ၊ နားခိုရာနှင့် အသုံးအဆောင်များစွာကို ဖြည့်စွမ်းပေးနိုင်သည်။ ရာသီဥတုကို ညီညွတ်မျှတစေ၏။ သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးနေသည်။ သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တာဝန်ရှိသည်။ ယခုနှစ်တွင် စိုက်ပျိုးမည့် သစ်ပင် သန်း ၃၀ အပါအဝင် စုစုပေါင်းသစ်ပင် ၇၈ သန်း စိုက်ပျိုးသွားမည်ဖြစ်ရာ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။ ပြည်သူများအားလုံးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ်အလာကောင်းများနှင့် အညီ သစ်တောသစ်ပင်များ နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံကတိုက်တွန်း အပ်ပါသည်။ ။

ရန်ကုန်မြို့ သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အရှေ့ဘက်မုခ်ဦးလမ်းမ ဝဲ၊ ယာတို့တွင် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဖေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ သစ်ပင် ၁၇၀၀ ကို စိုက်ပျိုးကြစဉ်။ (၅၃)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပညာရေးဘွဲ့ တစ်နှစ်သင်တန်း အမှတ်စဉ် (၂၁)နှင့် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းများဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပညာရေးဘွဲ့ တစ်နှစ်သင်တန်း အမှတ်စဉ် (၂၁)နှင့် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက သင်တန်းနှင့် စပ်လျဉ်းသော အစီရင်ခံစာကို တင်သွင်းသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စံပြတပ်ခွဲ ဆုရ အလောင်းဘုရားတပ်ခွဲအား ဆုချီးမြှင့်ပြီး တက္ကသိုလ်၏ အုပ်ချုပ်မှုကိစ္စရပ်များအတွက် အလှူငွေကျပ်တစ်ဆယ့်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက္ကသိုလ်၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့ ဒုတိယနှစ်သင်တန်းသို့ ၁၂ ဦး၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ ၁၁၁ ဦး၊ ပညာရေးဘွဲ့(ပေါင်းကူး) ဒုတိယနှစ်သင်တန်းသို့ ၂၄ ဦး၊ အလယ်တန်းဆရာအတတ်သင်တန်းသို့ ၁၀ ဦးနှင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၃) စတုတ္ထနှစ်သင်တန်းသို့ ၂၄၅ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၄၀၂ ဦးတို့ တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဒေါ်စိန်လှဖြူ၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ဇွန် ၅ ရက်က အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ဇီဝိတဒါန သံဃာ့ဆေးရုံ)

မြောက်ဥက္ကလာ အထက(၁) ကျောင်းသားဟောင်းများ (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် (ဈ)ရပ်ကွက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်မင်္ဂလာကျောင်း ဖုန်း-၉၆၉၀၄၉၉၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးချိုအေး (ACA) ဖုန်း-၆၉၀၁၂၃၊ ၀၉-၈၀၂၀၄၀၀၊ ဦးစိုးသန်း ဖုန်း-၅၅၉၀၇၄၊ ဦးချစ်အောင် ဖုန်း-၀၉-၇၃၀၂၂၀၆၂၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁၊ ဒေါ်လှသိန်း ဖုန်း-၆၉၁၁၈၂၊ ဦးဌေးဦး ဖုန်း-၆၉၁၆၇၈နှင့် ဒေါ်ဆောင်းသီတာ (သက်လုံအထူးကုဆေးခန်း) ဖုန်း-၀၉-၅၀၀၄၃၁၉ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လှိုင်သာယာ၌ သားဖွားခန်းလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဒေသန္တရကျန်းမာရေးဌာနခွဲ၏ သားဖွားခန်းအဆောက်အအုံသစ် လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျန်းမာရေးဌာနအဆောက်အအုံ၌ ကျင်းပရာ အလှူရှင်ကိုယ်စား ဂျပန်နိုင်ငံမှ Professor Shigeru O Kada က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။**(အောက်ပုံ)**

အဆိုပါ သားဖွားခန်းအဆောက်အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံ Shimono Naika Geka ဆေးရုံ၏ ဥက္ကဋ္ဌ Dr.Kunio Shimono က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၆

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယင်းနေ့နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း ရန်ကုန်မြို့ (၉)မိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

နိုင်ငံတော်မှ ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး ဦးတည်ချက်များသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ လုပ်ငန်းစဉ်များနှင့် ကိုက်ညီလျက်ရှိကြောင်း။

အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းကို မြန်မာနိုင်ငံ၌ UNDP နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးရှိ မြို့နယ် ၁၁၆ မြို့နယ်မှ အိမ်ထောင်စုပေါင်း ၁၈၆၆၀ တွင် ၂၀၀၄ - ၂၀၀၅ ခုနှစ်၌ စတင်ကောက်ယူခဲ့ကြောင်း၊ ယခင်စစ်တမ်းကောက်ယူပြီး (၅)နှစ်အကြာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အရေအတွက်တူ နမူနာအိမ်ထောင်စုများ၌ ဒုတိယအကြိမ်ကောက်ယူခဲ့ရာ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု သိသာစွာလျော့ကျလာသည်ကို လက်တွေ့ ကွင်းဆင်းကောက်ယူသောစစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ၎င်းစစ်တမ်းမှ တွေ့ရှိချက်များသည် အစိုးရသစ်၏ ဆက်လက်ဆောက်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်မည်ဖြစ်သဖြင့် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်း ဒုတိယဌာနေကိုယ်စားလှယ် Mr. Akba Usmani၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီခွဲအထိ ဆက်လက်ကျင်းပရာ ဆင်းရဲနွမ်းပါးမှု အခြေအနေလေ့လာတင်ပြချက်၊ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ သတင်းအချက်အလက်များအစီရင်ခံစာနှင့် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာတို့ကို ကနေဒါနိုင်ငံ Trent University မှ Professor Dr. Paul Shaffer က လည်းကောင်း၊ အရေအတွက် စစ်တမ်းအတွက် အရည်အသွေးနှင့် နည်းပညာဆိုင်ရာ အစီရင်ခံစာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Senior Technical Advisor, Mr. Sten Backlund က လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akba Usmani၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ယင်းအစီရင်ခံစာများအရ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း ပထမအဆင့် (၂၀၀၄-၂၀၀၅)နှင့် ယခု ဒုတိယအဆင့် (၂၀၀၉-၂၀၁၀)တို့ကို နှိုင်းယှဉ်ကြည့်ပါက ဆင်းရဲနွမ်းပါးမှု အခြေအနေမှာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ (၃၂)ရာခိုင်နှုန်းရှိရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် (၂၆)ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းလာကြောင်း သိရသည်။ အသားတင် ကျောင်းနေမှုနှုန်း၊ အသက်ငါးနှစ်အောက် ကလေးသူငယ်များ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနိုင်မှုအခြေအနေ၊ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် ကလေးမွေးဖွားမှု အချိုးအစား၊ သန့်ရှင်းသည့်သောက်သုံးရေရရှိနိုင်မှု အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး အစားအစာနွမ်းပါးမှုအခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုများ လျော့နည်းကျဆင်းသည်ကို တင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်း ဒုတိယဌာနေကိုယ်စားလှယ် Mr. Akba Usmani က အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

○ **ကျောဖုံးမှ**

လည်းကောင်း၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများက အမျိုးသား၊ အမျိုးသမီး အတိုက်ပြိုင်ပွဲများ၊ ကကွက်ပြိုင်ပွဲများဖြင့်လည်းကောင်း သရုပ်ပြကြသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သရုပ်ပြကွက်တစ်ခုစီအတွက် ဖြည့်ဆည်းမှာကြားပြီး အားကစားသမားများ၏ သက်လုံစွမ်းရည် ပိုမိုတိုးတက်စေရေး လေ့ကျင့်ပေးရန်၊ အားကစားသမားများအနေဖြင့် စည်းကမ်းရှိရှိ လေ့ကျင့်နေထိုင်သွားလာကြရန်နှင့် စခန်းအတွင်း ထုတ်ပြန်ထားသော စည်းကမ်းများအတိုင်း တိတိကျကျ နေထိုင်သွားကြရန် မှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပအစားထိုး သွင်းကုန်ပစ္စည်းများထုတ်လုပ်၊ ပြည်ပသွင်းကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေး အရည်အသွေးကောင်းမွန်သော ပစ္စည်းများထုတ်လုပ်

နေပြည်တော် ဇွန် ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ဇွန် ၄ ရက် ညနေ ၃ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံစုမှူး၊ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးများ၊ ဌာနကြီးမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ စီမံအုပ်ချုပ်မှု ကောင်းရန်လိုပြီး အဂတိတရားနှင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းရန်၊ ပြည်ပအစားထိုး သွင်းကုန်ပစ္စည်းများ ထုတ်လုပ်ရန်၊ ပြည်ပသွင်းကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေး အရည်အသွေးကောင်းမွန်သော ပစ္စည်းများ ထုတ်လုပ်ရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားသို့တင်ပို့သည့် ပျော့ဖတ်ချပ် Container များ အသုံးပြုသည့် ဆိပ်ကမ်းဝါးတင်/ချ လုပ်ငန်းများ ဆောင်ရွက်မှု၊ ဝါးသိုလှောင်ကွင်း၌ ဝါးများသိုလှောင်ထားရှိမှု၊ ဝါးဖြတ်စက်များဖြင့် ဝါးဖြတ်တောက်နေမှု၊ ပြည်ပတင်ပို့သည့် ဝါးပျော့ဖတ်ချပ်များ ထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုနှင့် တစ်နေ့ တန် ၆၀ သတင်းစာစက္ကူစက်ရုံ (စီမံကိန်း) တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဖြူးရောင်းချ

ထို့နောက် ဒုတိယဝန်ကြီးသည် တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံ၌ စက္ကူထုတ်လုပ်နေမှုနှင့် ထုပ်ပိုးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ယခင်ကထက် အရည်အသွေးပိုမိုကောင်းမွန်လာပြီး မိတ္တူကူးရာ၌လည်း နှစ်ဖက် ရှင်းလင်းပြတ်သားမှုရှိ၍ စံချိန်မီဖြစ်လာပြီဖြစ်သဖြင့် သွင်းကုန်အစားထိုး အဆင့်မြင့်စက္ကူ (55 gsm),(60gsm), (70 gsm), (80 gsm)များ အရည်အသွေး ဆက်လက်ထိန်းသိမ်းထုတ်လုပ်သွားရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို မေ ၂၈ ရက်က ဘုရင့်နောင်ဈေးကြီး၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာနရုံးမှ ဌာနစုမှူး ဒေါ်သင်းသင်းကြည်၊ ဈေးတာဝန်ခံ ဦးသန်းထွေး၊ ဘုရင့်နောင်မီးသတ်စခန်း တာဝန်ခံ ဦးအောင်လင်းဦးနှင့် ဈေးသာယာရေး ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့ ဈေးအတွင်း စစ်ဆေးစဉ်။

(ကြေးမုံ)

နေပြည်တော်ကောင်စီဝင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု လှည့်လည်စစ်ဆေး

နေပြည်တော် ဇွန် ၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းပြီး ဒဏ်ရာရသေဆုံးမှုများ လျော့နည်း ကျဆင်းစေရန်အတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူပညာပေးမှုကို အထူးအဖွဲ့များ ဖွဲ့စည်းပေး၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ အဖွဲ့များက စစ်ဆေးပညာပေး အရေးယူဆောင်ရွက်နေခြင်းကို နေပြည်တော်ကောင်စီဝင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများသည် ယမန်နေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်ကြပ်မတ်စစ်ဆေးခဲ့ပြီး ဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၅)ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး ညီညီထွဏ်းနှင့်အဖွဲ့သည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး မြင့်ကြည်နှင့်အဖွဲ့သည် ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် ယာဉ်လိုင်းဌာနခွဲ(၃)မှ ယာဉ်ပိုင်ရှင်၊ ဂိတ်မှူး/ကြီးကြပ်ရေးမှူး၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၈၀၀	၀. ၀၃၃၀၃
တရုတ် (ယွမ်)	၆. ၄၇၈၅၀	၀. ၁၅၄၃၆
အိန္ဒိယ (ရူပီး)	၄၄. ၇၅၅၀	၀. ၀၂၂၃၄
မလေးရှား (ရင်းဂစ်)	၃. ၀၀၃၀၄	၀. ၃၃၃၀၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၀၄၆	၀. ၈၁၂၇၁
ဂျပန် (ယန်း)	၈၀. ၁၉၁၅	၀. ၀၁၂၄၇
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၅၄	၀. ၀၀၀၉၃
ယူရို	၀. ၆၈၄၅၀	၁. ၄၆၀၉၃
ဗြိတိသျှ (ပေါင်)	၀. ၆၀၉၈၄	၁. ၆၃၉၇၈

အင်တာနက်။

မန္တလေး၌ မီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

မန္တလေး ဇွန် ၆

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်း၌ မေ ၅ ရက် နံနက် ၇ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အလုပ်သမားဝန်ကြီး ဦးအောင်မောင်း တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မီးသတ်စွမ်းရည်ပြသခြင်း၊ အသက်ကယ်သရုပ်ပြသခြင်း၊ မီးသတ်စက်လေ့ကျင့်ခန်း သရုပ်ပြသခြင်း၊ မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများကိုပြသပြီး**(ယာပုံ)** မီးသတ်ကျင့်ဝတ်ပြိုင်ပွဲဆုရရှိသူများကို ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၃၈၇)

၂၀၁၀ ခုနှစ်တွင် သဘာဝဘေးကြောင့် နေအိမ်စွန့်ခွာပြေးကြရသူ ၄၂ သန်းခန့်ရှိ

အော်စလို(နော်ဝေ) ဇွန် ၆

၂၀၁၀ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်ကပ်ဆိုးများ ကျရောက်သဖြင့် လူဦးရေ ၄၂သန်းခန့်သည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း၊ ယမန်နှစ်မှ အရေအတွက်နှင့်နှိုင်းယှဉ်လျှင် နှစ်ဆကျော်များပြားကြောင်း ကျွမ်းကျင်ပညာရှင်များက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဤကဲ့သို့ ဒုက္ခသည်လူဦးရေများလာရခြင်း၏ အရင်းခံအကြောင်းတစ်ရပ်သည် ရာသီဥတု ပြောင်းလဲခြင်းကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများသည် ရာသီဥတုကို ထိန်းချုပ်ထားရေးအတွက် ယခုထက်ပိုမိုဆောင်ရွက်သင့်ကြောင်း ပညာရှင်များကတိုက်တွန်းသည်။

၂၀၀၉ခုနှစ်အတွင်း မိမိတို့အိုးအိမ်များမှ ထွက်ပြေးကြရသူ ဦးရေ ၁၇သန်းမှ တိုးလာရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ချီလီနှင့်ဟေတီနိုင်ငံများအတွင်း ငလျင်လှုပ်ခြင်း၊ တရုတ်နှင့် ပါကစ္စတန်နိုင်ငံများအတွင်း ရေကြီးခြင်းစသည့် ကြီးမားသော သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ကြောင်း နိုင်ငံတကာ အိမ်ရာစွန့်ခွာကြရသူများ သတင်းစုဆောင်းရေးဗဟိုဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ ကျန်စီပြည်နယ် ရေလွှမ်းဒေသများမှ ပြည်သူများကို ရဲတပ်ဖွဲ့က ကူညီရွှေ့ပြောင်းပေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ထွက်ပြေးကြရသူစုစုပေါင်း၏ ၉၀ရာခိုင်နှုန်းသည် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည်တို့သည် ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်ဖြစ်သည့် ရေနှင့်ဆက်သွယ်နေသော ဘေးအန္တရာယ်များကြောင့်ဖြစ်ကြောင်း၊ သို့သော် အတိုင်းအတာပမာဏကိုမူ ပြောပြနိုင်စွမ်းမရှိကြောင်း ၎င်းဗဟိုဌာနက ဆိုသည်။

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးကြောင့် ထွက်ပြေးကြရသူများဆိုင်ရာ နိုင်ငံတကာညီလာခံသို့ သတင်းစုဆောင်းရေးဗဟိုဌာနနှင့် ဒုက္ခသည်များဆိုင်ရာ ကောင်စီက တင်သွင်းသော အစီရင်ခံစာဖြစ်သည်။

ရာသီဥတုနှင့်ဆက်နွှယ်၍ ၎င်းတို့အရပ်ဒေသများမှ ထွက်ပြေးကြရသော ပြဿနာသည် ယခုအချိန်အခါ၌ လူသားများကို စိန်ခေါ်နေသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အန်တိုနီယိုဂူတားရစ်(စ်)က အော်စလိုညီလာခံ၌ ပြောကြားခဲ့သည်။

ယမန်နှစ်က အာရှဒေသသည် သဘာဝဘေးအန္တရာယ်အထိ အများဆုံးဖြစ်သည်။အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် စွန့်ခွာထွက်ပြေးကြရသူ အရေအတွက်အများဆုံးဖြစ်သည်။ **အေပီ။**

တရုတ်နိုင်ငံ ဝန်မိုစီရင်စု၌ ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတောင်ပိုင်း၌ ရေလွှမ်းမိုး ၁၄ ဦးထက်မနည်းပျောက်ဆုံးလျက်ရှိ

ပေကျင်း ဇွန် ၆

တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားရာ ၁၄ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိပြီး ပြည်သူ ၄၀၀၀၀ ကျော်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း မြို့ပြရေးရာများ ဝန်ကြီးဌာနက ဇွန် ၆ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေကျိုးပြည်နယ် ဝမ်မိုစီရင်စုတွင် ရက်ပေါင်းအတန်ကြာမျှ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိရာ ၁၃ ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ဒေသခံပြည်သူ ၂၀၀၀၀ ခန့်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မြို့ပြရေးရာများ ဝန်ကြီးဌာနက ပြောကြားသည်။

ဝမ်မိုစီရင်စု၌ ရေလွှမ်းမိုးမှုဘေးဒဏ်ကို ပြည်သူ ၈၂၀၀၀ ခန့် တွေ့ကြုံခံစားကြရပြီး နေအိမ်အလုံးပေါင်း ၃၀၀ ပျက်စီးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး ထိခိုက်ခဲ့ရကြောင်း၊ စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုး ယွမ် ၃၅ သန်း (ဒေါ်လာ ၅ ဒသမ ၄ သန်း) ရှိကြောင်း အဆိုပါ ဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကွေကျိုးပြည်နယ်ရှိ လိုဒန်စီရင်စု၌ ရေလွှမ်းမိုးမှုကြောင့် တစ်ဦးပျောက်ဆုံးနေပြီး ရေလွှမ်းမိုးမှုကို ပြည်သူ ၄၇၀၀၀ ခန့် တွေ့ကြုံခံစားကြရသည်။

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်ရှိ ဒေသများ၌လည်း ရေလွှမ်းမိုးလျက်ရှိရာ ပြည်သူ ၂၁၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးခဲ့ရသည်။ **ဆင်ဟွာ။**

ဘဂ္ဂဒက်လေဆိပ်အနီးရှိ အမေရိကန်ကြည်းတပ်စခန်းကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၆

အီရတ်နိုင်ငံမြို့တော်ရှိ ဘဂ္ဂဒက်လေဆိပ်အနီး၌ တည်ရှိသော အမေရိကန်ကြည်းတပ် အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က ဇွန် ၆ ရက်တွင် ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးသည်ဟု အယ်လ်တက်ဟီရာ အမည်ရှိ အီရတ်ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

သို့ရာတွင် ဒုံးကျည်ဖြင့်ပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် မည်မျှသေဆုံးသည်၊ သို့မဟုတ် ဒဏ်ရာရရှိသည်ကို အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားခြင်းမရှိသေးပေ။

အီရတ်နိုင်ငံ၌ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၅၀,၀၀၀ ခန့်ရှိနေပြီး ၎င်းတို့ကို ယခုနှစ်ကုန်တွင် ရုပ်သိမ်းရန် စီစဉ်ထားသည်။ ထိုစဉ်အတွင်း ဘဂ္ဂဒက်မြောက်ပိုင်း၌ ဖြစ်ပွားသော သီးခြားတိုက်ခိုက်မှုတစ်ရပ်တွင် အသေခံဗုံးပေါက်ကွဲမှုကြောင့် ၁၁ ဦးထက်မနည်း သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

အမေရိကန်၏ ကွန်ပျူတာစနစ်များ နှောင့်ယှက်ခံရပါက စစ်ရေးအရ အရေးယူသွားဖွယ်ရှိဟု သတင်းစာ၌ဖော်ပြ

ဝါရှင်တန် ဇွန် ၆

အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အရေးပါသော ကွန်ပျူတာကွန်ရက်စနစ်များ ကမောက်ကမဖြစ်စေရန် ဝင်ရောက်နှောင့်ယှက်ပါက သက်ဆိုင်ရာနိုင်ငံကို စစ်ရေးအရ အရေးယူသွားနိုင်ရေးအတွက် ပင်တဂွန်စစ်ဌာနချုပ်က ဥပဒေစည်းမျဉ်းသစ်များ ရေးဆွဲချမှတ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ၌ထုတ်ဝေသော ဝေါစထရိဂျာနယ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

မကြာသေးမီက အမေရိကန်ကာကွယ်ရေးဌာနနှင့် အမိမြေလုံခြုံရေးဌာနတို့အတွက် ကန်ထရိုက်ရရှိထားသော လော့ခ်ဟိမာတင်ကုမ္ပဏီ၏ ကွန်ပျူတာစနစ်အတွင်းသို့ အီလက် ထရွန်နစ်ဖောက်ထွင်းရေးသမားများ ဝင်ရောက်ခဲ့ကြောင်း၊ သို့ရာတွင် အရေးကြီးသော သတင်းအချက်အလက်များ ခိုးယူခံရ ခြင်းမရှိမီ ယင်းလုပ်ရပ်ကို တားဆီးနိုင်ခဲ့ကြောင်း ဝေါစထရိဂျာနယ်က ရေးသားဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ ကွန်ပျူတာစနစ်များ လုံခြုံရေးဆိုင်ရာ မဟာဗျူဟာသစ်ကို ဇူလိုင်လတွင် နိုင်ငံခြားရေးဌာနက ထုတ်ပြန်ကြေညာမည်ဟု သတင်းစာကရေးသားဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ ကွန်ပျူတာကွန်ရက်များ လုံခြုံရေးအတွက် ဦးစားပေးလုပ်ငန်း အစီအစဉ်တစ်ရပ်အဖြစ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။ **အင်တာနက်။**

အမေရိကန်စစ်လေယာဉ်များ အိန္ဒိယဝယ်ယူမည်

နယူးဒေလီ ဇွန် ၆

အမေရိကန်လုပ် ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိ စီ-၁၇ စစ်လေယာဉ် ၁၀ စင်းဝယ်ယူရေးအတွက် အိန္ဒိယအစိုးရအဖွဲ့က သဘောတူညီခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဇွန် ၆ ရက်သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနှင့်အမေရိကန် နှစ်နိုင်ငံအကြား အကြီးမားဆုံးဖြစ်သည့် ကာကွယ်ရေးဆိုင်ရာ အဆိုပါသဘောတူညီချက်အရ အိန္ဒိယကပေးချေရမည့် စီ-၁၇ လေယာဉ် ၁၀ စင်း၏တန်ဖိုး ဒေါ်လာလေးဘီလီယံ၏ ၃၀ ရာခိုင်နှုန်းကို ဘိုးရင်းလေယာဉ်ကုမ္ပဏီက အိန္ဒိယနိုင်ငံရှိ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ၌ ထည့်ဝင်မြှုပ်နှံပေးရမည်ဆိုသည်။

အမေရိကန်ကုမ္ပဏီများဖြစ်သော ဘိုးရင်းနှင့် လော့ခ်ဟိမာတင်ကုမ္ပဏီတို့သည် အိန္ဒိယလေတပ်အတွက် တိုက်လေယာဉ်များဖြည့်ဆည်းပေးရေး ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်လွှတ်ခဲ့ရပြီးနောက် စီ-၁၇ လေယာဉ်များဝယ်ယူရေးသဘောတူညီချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များကို အဆင့်မြှင့်တင်ရန် လာမည်ဆယ်စုအလွန်၌ စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံအထိ သုံးစွဲသွားရန် မျှော်လင့်ထားသည်။ **အင်တာနက်။**

တရုတ်-အာဆီယံ ကုန်သွယ်မှုမြင့်တက်

ကူမင်း ဇွန် ၆

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အကြား ကုန်သွယ်မှုပမာဏသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံအထိ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း တရုတ်-အာဆီယံ စီးပွားရေးလုပ်ငန်းကောင်စီ အမှုဆောင်အတွင်းရေးမှူး ကျူနင်နင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၆ရက်က ကျင်းပသော ဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နှင့်အာဆီယံတို့၏ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်သည် လွန်ခဲ့သည့်နှစ်မှစ၍ စတင်အာဏာသက်ဝင်လာသည်။

ယခုနှစ် ပထမလေးလတာကာလအတွင်း တရုတ်နှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၂၆ ဒသမ ၅ ရာခိုင်နှုန်းပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၀ ဒသမ ၂ ဘီလီယံအထိ ရှိခဲ့ကြောင်း ကျူနင်နင်းက ပြောကြားသည်။ **ဆင်ဟွာ။**

ဧဝရက်တောင်ပေါ်ရှိ အမှိုက်များကို ရှင်းလင်းမှု ဆီးနှင်းများကျရောက်လာခြင်းကြောင့် လက်လျှော့ခဲ့ရ

ဧဝရက်တောင်၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော အမှိုက်သရိုက်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခတ္တမန္ဒူ ဇွန် ၆

ဧဝရက်တောင်၏ တောင်စောင်းဒေသများရှိ အမှိုက်သရိုက်များကို တောင်တက်သမားများ ပါဝင်သောအဖွဲ့တစ်ဖွဲ့က ရှင်းလင်းနိုင်ရန်ကြိုးပမ်းခဲ့ကြသော်လည်း ဆီးနှင်းများကျရောက်လာခြင်းနှင့် ရာသီဥတုဆိုးရွားလာခြင်းတို့ကြောင့် လက်လျှော့ခဲ့ကြရကြောင်း နီပေါနိုင်ငံသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဧဝရက်တောင်စောင်းဒေသများရှိ အမှိုက်သရိုက်များအပေါ် ဆီးနှင်းများကျရောက်မှုကြောင့် အမှိုက်သရိုက်များကို ကောက်ယူနိုင်ခြင်းမရှိကြောင်း တောင်ပေါ်အမှိုက်ရှင်းလင်းရေးအဖွဲ့ကို ဦးဆောင်သူ ဝါရင့်တောင်တက်လမ်းပြ အပါက ပြောကြားသည်။

ဧဝရက်တောင်ပေါ်ရှိ အမှိုက်သရိုက်များကို ရှင်းလင်းနိုင်ရန် တောင်တက်သမားများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဧပြီလက တောင်ပေါ်သို့ စတင်တက်ရောက်ခဲ့ကြပြီး နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

တောင်တက်လမ်းပြအပါ ဦးဆောင်သောအဖွဲ့သည် ကနဦးအနေဖြင့် ဧဝရက်တောင်၏ အောက်ပိုင်း တောင်စောင်းဒေသများမှ အမှိုက်ပေါင် ၈၈၀၀ (ကီလိုဂရမ် ၄၀၀၀)နှင့် ဧဝရက်တောင်၏ အထက်ပိုင်း တောင်စောင်းဒေသများမှ အမှိုက်ပေါင် ၂၂၀၀ (ကီလိုဂရမ် ၁၀၀၀) ကောက်ယူရှင်းလင်းရန် စီစဉ်ခဲ့ကြသည်။

မိမိတို့အဖွဲ့သည် အမှိုက်ပေါင် ၂၄၀၀ (ကီလိုဂရမ် ၁၁၀၀)ကိုသာ ရှင်းလင်းဖယ်ရှားပေးနိုင်ခဲ့ကြောင်း အပါက ပြောကြားသည်။

အင်တာနက်။

ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်

နေပြည်တော် ဇွန် ၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာအခွန်/သစ်တောနှင့်သားငါး ဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်တို့နှင့်အတူ ဇွန် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။

ထို့နောက် သဘာဝဘေးအန္တရာယ်များ ပြန်လည်ထူထောင်ရေး အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အလှူငွေများကို လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးသန်းမြင့်တို့နှင့်အတူ ပြည်ပပို့ကုန်လုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် ဆွေးနွေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနသို့ ရောက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်းအမှုထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ညနေပိုင်းတွင် အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ရောက်ရှိပြီး မြန်မာနိုင်ငံတွင် ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပျဉ်းမပင် ဝက်မွေးမြူရေးခြံသို့ သွားရောက်စစ်ဆေးသည်။

ထို့နောက် အင်းစိန်မြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေး၊ ဆေးဝါးထုတ်လုပ်ရေးစက်ရုံနှင့် ဒညင်းကုန်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အစာစပ် စက်ရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၅ ရက်က တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တနင်္သာရီတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြပွဲ၌ ကြည့်ရှုအားပေးစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

အာမခံကိုယ်စားလှယ် သင်တန်းဖွင့်

ရန်ကုန် ဇွန် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ အာမခံကိုယ်စားလှယ်သင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အဖွင့်အမှာစကားပြောကြားကြောင်းနှင့် သင်တန်းမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၉၀ တက်ရောက်ကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

ASEAN Fashion Accessories and Gifts Business Meetings နှင့် The 46th Osaka International Gift Show/2011 Autumn ဂျပန်နိုင်ငံ၌ ကျင်းပမည်

နေပြည်တော် ဇွန် ၆

အာဆီယံ-ဂျပန်စင်တာက ကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ASEAN Fashion Accessories and Gifts Business Meetings နှင့် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ The 46th Osaka International Gift Show/2011 Autumn တို့ကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်များသို့ အာဆီယံ ၁၀ နိုင်ငံမှ တစ်နိုင်ငံလျှင် ကုမ္ပဏီသုံးခုစီဖြင့် စုစုပေါင်း ကုမ္ပဏီ ၃၀ တက်ရောက်မည်ဖြစ်သည်။

အဆိုပါပြပွဲ၌ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ဖန်စီပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ စာရေးကိရိယာများ၊ ကတ်နှင့် ပိုစတာများ၊ အလှကုန်ပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ပန်းအလှဆင်ပစ္စည်းများ စသည်တို့ ပါဝင်ပြသကြမည်ဖြစ်သည်။

အာဆီယံ-ဂျပန်စင်တာမှ ကျွမ်းကျင်သူအဖွဲ့သည် ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်၍ ပါဝင်ပြသလိုသည့် ကုမ္ပဏီများကို အကဲဖြတ်ရွေးချယ်မည်ဖြစ်ပြီး အမည်စာရင်းပေးပို့ထားသော ကုမ္ပဏီများအနက်မှ ကုမ္ပဏီသုံးခုကို ရွေးချယ်သွားမည်ဖြစ်သည်။ ရွေးချယ်ခံရသောကုမ္ပဏီများကို အသွားအပြန် လေယာဉ်စရိတ်၊ နေထိုင်စားသောက်စရိတ်နှင့် ပြခန်းများကို ပြပွဲကျင်းပသည့် အာဆီယံ-ဂျပန်စင်တာက စရိတ်ငြိမ်း ပံ့ပိုးပေးမည်ဖြစ်သည်။

ရွေးချယ်ခံရသော ကုမ္ပဏီများသည် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်ပြသခွင့် ရရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံသို့ သွားရောက်ပြသခွင့်ရရှိခြင်းဖြင့် ဂျပန်နိုင်ငံ၏ ဈေးကွက်အခြေအနေနှင့် နိုင်ငံတကာတွင် ခေတ်စားနေသော လက်ဆောင်ပစ္စည်းနှင့် ပတ်သက်သည့် ဖက်ရှင်ပစ္စည်းဒီဇိုင်းများကို လေ့လာခွင့်ရရှိနိုင်မည်ဖြစ်သဖြင့် သွားရောက်ပြသသင့်သော ပြပွဲတစ်ပွဲဖြစ်သည်။ ထို့ကြောင့် သွားရောက်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၂၅ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်အပိုင်း (၈)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၃။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
- ၆း၂၅ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁၆)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ သီချင်းလက်ဆောင်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၇)**
- ၂၆။ Mini Series

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

လေယာဉ်ငယ်တစ်စင်း ဂါဘွန်တွင်ပျက်ကျ၊ ထိခိုက်ဒဏ်ရာရသူမရှိ

လီဘရေဗီးလ် ဇွန် ၆

ဂါဘွန်နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ပို့တ်ဂျန်တဲလ်မှ ပျံသန်းလာသော ခရီးသည်တင် လေယာဉ်ငယ်တစ်စင်းသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် လီဘရေဗီးလ်မြို့၌ ပျက်ကျခဲ့ရာ ယင်းလေယာဉ်ပျက်ကျမှုတွင် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မျှ မရှိဟုဆိုသည်။

ယင်းလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ဝန်းကျင်တွင် ဂါဘွန်နိုင်ငံ မြို့တော်လီဘရေဗီးလ် လိုင်ကိုဟိုတယ်အနီး၌ ပျက်ကျခဲ့သည်ဟု ဆိုသည်။

ကယ်ဆယ်နိုင်ခဲ့

ရဲတပ်ဖွဲ့၏အဆိုအရ လေယာဉ်ပေါ်ပါ ခရီးသည်အားလုံးကို ကယ်ဆယ်နိုင်ခဲ့သည်ဟု သိရသည်။

ဂါဘွန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ရာတွင် ယင်းလေယာဉ်ငယ် ပျက်ကျရသည့် အကြောင်းရင်းမှာ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့်ဟု ဆိုသည်။

အင်တာနက်။

ဂါဘွန်နိုင်ငံ မြို့တော်လီဘရေဗီးလ် လိုင်ကိုဟိုတယ်အနီးရှိ ရေပြင်တွင် ပျက်ကျသွားသော ခရီးသည်တင်လေယာဉ်ငယ်အား တွေ့ရစဉ်။

ဘာဆရာမြို့ရှိ ရေနံသိုလှောင်ကန်တစ်ခု မီးလောင်ကျွမ်းမှုဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၆

ကြီးမားသော မီးလောင်မှုတစ်ရပ် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာပြည်နယ်ရှိ ရေနံသိုလှောင်ကန်တစ်ခုတွင် ဖြစ်ပွားခဲ့ကြောင်း ဇွန် ၅ ရက်က အီရတ်အစိုးရ ရုပ်မြင်သံကြားသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဘဂ္ဂဒက်မြို့၏တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာရှိ ဘာဆရာမြို့၏ အနောက်တောင်ဘက် အယ်နယ်ကီရာအရပ် ကောင်းကင်တွင် အလွန်ကြီးမားသော မီးတောက်မီးလျှံများနှင့် မီးခိုးလုံးမည်းကြီးများ ပျံ့လွင့်လျက်ရှိသည်ဟုလည်း ဆိုသည်။

ထိခိုက်မှုမရှိ

အဆိုပါ ရုပ်သံလွှင့်ဌာနအနေဖြင့် မီးလောင်ကျွမ်းခဲ့ခြင်းနှင့်ပတ်သက်၍ အသေးစိတ်အကြောင်းရင်းကို မဖော်ပြသော်လည်း ယင်းမီးလောင်မှုကြောင့် တောင်ပိုင်းဒေသ၏ ရေနံထုတ်လုပ်တင်ပို့မှုကို ထိခိုက်မှုမရှိဟု ဆိုသည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံက ဦးဆောင်သော ပြည်ပတပ်ဖွဲ့များ ဝင်ရောက်လာပြီးကတည်းက အီရတ်နိုင်ငံ၏ ရေနံလုပ်ငန်းဆိုင်ရာများကို သောင်းကျန်းသူများက ကြိမ်ဖန်များစွာတိုက်ခိုက်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

ဆင်ဟွာ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး စီမံအုပ်ချုပ်ရေးရာဌာန(၁)မှ ဒုတိယဝန်ကြီး H.E. Mr. Hong Yun Sik နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ သတ္တုတူးဖော်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စများတွင် နှစ်နိုင်ငံနည်းပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ သတ္တုထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး စီမံအုပ်ချုပ်ရေးရာဌာန(၁)မှ ဒုတိယဝန်ကြီး H.E. Mr. Hong Yun Sik နှင့် အဖွဲ့လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H. E.Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဖိလစ်ပိုင်သံအမတ်ကြီးနှင့် ဂျပန်သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellan M. Barbar သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H. E.Mr. Takashi SAITO သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် လှည်းတန်း ရတနာလမ်း တိုက်(၁)နေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော (ဦးဘခင်-ဒေါ်စွမ်)တို့အား ရည်စူး၍ မလှိုင်လှိုင်မော်(ခေတ္တ-စင်ကာပူ)မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀၅၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံစဉ်။

(ကြေးမုံ)

ကိုရီးယားသမ္မတနိုင်ငံ၌ Korea International Furniture & Interior Fair-2011 ကျင်းပမည်

နေပြည်တော် ဇွန် ၆

အာဆီယံ-ကိုရီးယားစင်တာက ကြီးမှူး၍ ကိုရီးယားသမ္မတနိုင်ငံ Gyeonggi-do ၌ Korea International Furniture & Interior Fair-2011 ကို ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။အဆိုပါပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများမှ ပရိဘောဂပစ္စည်းများ ကိုရီးယားဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရန်၊ ကိုရီးယားဝယ်လက်နှင့် အာဆီယံနိုင်ငံများမှ ကုမ္ပဏီများအကြား စီးပွားရေးဆိုင်ရာ အဆက်အသွယ်များ ရရှိနိုင်ရန်ဖြစ်သည်။

ယင်းပြပွဲသို့ အာဆီယံ(၁၀)နိုင်ငံအနက်မှ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီနှစ်ခုစီဖြင့် စုစုပေါင်း ကုမ္ပဏီ ၁၆ ခု ပါဝင်ပြသကြမည်ဖြစ်သည်။ သတ်မှတ်ထားသော အချက်အလက်များနှင့် ကိုက်ညီမှုရှိပါက ကုမ္ပဏီနှစ်ခုအား လေယာဉ်စရိတ်၊ တည်းခိုနေထိုင်စရိတ်နှင့် ပြခန်းများကို ပြပွဲကျင်းပသည့် အာဆီယံ-ကိုရီးယားစင်တာက စရိတ်ငြိမ်း ပံ့ပိုးပေးမည်ဖြစ်သည်။ ပြပွဲတွင် အိမ်အသုံးအဆောင်ပရိဘောဂများ၊ ရုံးသုံးပရိဘောဂများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ မီးဖိုချောင်နှင့် ရေချိုးခန်းသုံးပစ္စည်းများ၊ ခန်းဆီး၊ လိုက်ကာနှင့်ကော်ဇောများ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် ကိုရီးယားနိုင်ငံ၏ ဈေးကွက်အခြေအနေနှင့် နိုင်ငံတကာတွင် ခေတ်စားနေသော ပရိဘောဂပစ္စည်းနှင့် အိမ်အသုံးအဆောင်ပစ္စည်းဒီဇိုင်းများကို လေ့လာခွင့်ရရှိနိုင်မည်ဖြစ်သဖြင့် သွားရောက်ပြသသင့်သော ပြပွဲတစ်ပွဲဖြစ်သည်။ ထို့ကြောင့် သွားရောက်ပြသလိုသည့် မြန်မာနိုင်ငံမှ သစ်အချောထည်နှင့် ပရိဘောဂလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ်) မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ရာ ဝန်ဆောင်မှုကဏ္ဍအတွက် ဆက်သွယ်ရေးတာဝန်ခံ(တယ်လီဖုန်း)မှ ဦးမောင်မောင်တာ လက်ခံရယူစဉ်။ (၅၇၀)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၃၅ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၅း၁၀ ၇။ "တော်ပါပေတယ်ဘွားဘွားရယ်"
- ၅း၂၀ ၈။ ဂီတသံစဉ်အလှဆင်
- ၅း၃၀ ၉။ "မြန်မာ့သမိုင်းဝင်ခံတပ်များ"
- ၅း၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၅၀ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ"(ဒုတိယတွဲ) (အပိုင်း-၃၈)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၄)**
- ၂၁။ အစီအစဉ်ပြီး၏။

မိတ္ထီလာတွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

မိတ္ထီလာ ဇွန် ၆

မိတ္ထီလာမြို့ ညောင်မြင့်ကျေးရွာ အမှတ်(၈၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ပညာရေးမှူး ဦးသောင်းဦး၊ အလှူရှင် ဦးတင်မောင်ဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ် အဆောက်အအုံမှာ သွပ်မိုး၊ နံကပ်၊ အလျား ပေ ၈၀၊ အနံ ၃၅ ပေ စာသင်ခန်းငါးခန်းနှင့် ဆရာ၊ ဆရာမ နားနေခန်းတစ်ခန်းပါရှိပြီး တန်ဖိုးငွေ ၁၇၅၃၄၄၁၅ ကျပ် ဖြစ်သည်။ကျောင်းဆောင်သစ်နှင့်အတူ တန်ဖိုးငွေကျပ် ၉၀၄၃၀၀ ရှိ သွပ်မိုး၊ နံကပ်ရေလောင်းအိမ်သာသုံးခန်းတွဲကို အလှူရှင် ဦးဆန်းလွင်ထွန်းမိသားစုက ဆောက်လုပ်လှူဒါန်းသည်။

ယခင်က အဆိုပါညောင်မြင့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသည် ထရံကာ၊ ဝါးကပ်မိုးအဆောက်အအုံဖြစ်ပြီး လေဒဏ်၊ မိုးဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားရာ အလှူရှင်က ကျေးရွာနေကျောင်းသား၊ ကျောင်းသူများ လေဒဏ်၊ မိုးဒဏ်ခံနိုင်သည့် အဆောက်အအုံတွင် စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။ (၅၇၉)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် မော်လမြိုင်မြို့ ကော့ကမယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တောင်ကြီးမြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရွှေပါရမီတောရကျောင်း အနီး တောင်ကုန်းပေါ်၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စိုက်ပျိုးမည့် ပျိုးပင်များကို တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရေတမာ၊ ခါတော်မီ၊ ချယ်ရီ၊ ထင်းရှူးနှင့် ရေသင်းဝင်သစ်ပင်များကို စုပေါင်းစိုက်ပျိုးပေးကြပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခါတော်မီ၊ ချယ်ရီ၊ ထင်းရှူး၊ ရေသင်းဝင်၊ ရေတမာ၊ ပနားမားငုနှင့် စိန်ပန်းပြာစသည့် ပျိုးပင်ပေါင်း ၆၀၂၅ ပင်ကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက် တောင်ကြီးမြို့၌ ကျင်းပသည့် "ဒို့ချစ်တဲ့ကမ္ဘာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးပွဲ" သို့ တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယဉ်ကျေးမှုပြတိုက် ပျိုးဥယျာဉ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ချယ်ရီပင် မျိုးစေ့များကို စိုက်ပျိုးပေးကြသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးပြပွဲကို ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံ၌ ဒေသဖွံ့ဖြိုးရေးစစ်ဆေး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇွန် ၆

ချောင်းဆုံမြို့နယ်အတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိအောင် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်သွားကြရန် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲတွင် ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွာလွတ်စံပြကျေးရွာ ရော်ဘာ အခြေခံစက်မှုလုပ်ငန်းနှင့် ရွာလွတ် တိုက်နယ်ပြည်သူ့ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေကြသော လူနာများအား အလှူငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရွာလွတ်အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ညနေပိုင်းတွင် ဘိုးနက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သို့လည်းကောင်း ရောက်ရှိပြီး ဘိုးနက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဝင်းစိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူလူထုက ငွေကျပ် ၆၅ သိန်း အကုန်အကျခံကာ စုပေါင်းလှူဒါန်းဆောက်လုပ်ပြီးစီးခဲ့သည့် ဂန္ဓမာစာသင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၅ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ ကော့ကမယ်အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် မဟော်ဂနီ အပါအဝင် အပင် ၁၁ မျိုး စုစုပေါင်း ၈၄၂ ပင်ကို စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးပွဲကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ယင်းနောက် မုဒုံမြို့နယ် သာယာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ RC တစ်ထပ်တည်ဆောက်ရေးလုပ်ငန်းခွင်၊ ဘဲရမ်းစံပြကျေးရွာ အဆင့်မြင့်ကုန်ထုတ်လယ်ယာမြေမှ တောင်သူဦးဘသိန်း၏ လယ်မြေ၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ သဘာဝမြေသြဇာ ကြဲပက်နေမှုနှင့် လယ်ယာ (၁၆)ထွန်စက်ဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး နားခိုဆောင်တွင် တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ RC တစ်ထပ်တိုးချဲ့ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မုဒုံကန်ကြီး နှစ်ထပ်ရေပေါ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ရန်ကုန် ဇွန် ၆

ကရင်ပြည်နယ် ကျန်းမာရေးမှူးနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇွန် ၃ ရက်တွင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူ-ကမမောင်း-အုန်းတော-ကတိုင်တိ-ဖာပွန်သွား စက်လှေဆိပ်၊ မြိုင်ကြီးငူမြို့တွင်းနှင့် မြိုင်ကြီးငူအထူးဒေသ အခြေခံပညာအထက်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းနှင့် ရွှေဂွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ကြာအင်းတောင်ပေါ်၌ ဇွန် ၄ ရက်တွင် ကျင်းပသော ကရင်ပြည်နယ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီစသည့် ရတနာတန်းဝင် အပင်များကို စိုက်ပျိုးပေးခဲ့ပြီး သစ်ပင်စိုက်ပျိုးကြသော လူမှုရေးအသင်းအဖွဲ့များအား လိုက်လံအားပေးသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စုစုပေါင်း ၉၄၀၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်ဦးလွင်၌ ကျေးရွာပိုင်သစ်တော စိုက်ပျိုး

ပြင်ဦးလွင် ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်အိမ်ရာ ထူထောင်ရေး စီမံချက်အရ ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားကို ဇွန် ၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် တိုးကြီးကုန်းစံပြကျေးရွာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစောဗဟိဏ်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျွဲနွားထောက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ တိုးကြီးကုန်းစံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်း၍ ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ရွာ တစ်ဧက ယူကလစ်အပင် ၆၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

(၅၈၁)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ လားရှိုး၌ ကျင်းပ

လားရှိုး ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သစ်တောဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာနမှ တွဲဖက်ပြည်နယ်အရာရှိ ဦးမောင်မောင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ဦးစီးအရာရှိ ဦးလှဦး၊ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် နည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ ခါတော်မီ၊ ရေသင်းဝင်၊ မဟော်ဂနီ၊ ချယ်ရီ၊ စိန်ပန်းပြာပင်များ အပင်ပေါင်း ၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(၅၇၆)

မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေး ပန်းအလှပင်များ ပျိုးထောင်

မိတ္ထီလာ ဇွန် ၆

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရွာများ သန့်ရှင်းသပ်ရပ်မှုရှိရေး ညွှန်ကြားချက်နှင့်အညီ ပန်းအလှပင်များ ပျိုးထောင်ခြင်း၊ မြေချစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် နံနက် ၇ နာရီခွဲက အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြင်းခြံသွားလမ်း ကန်ပေါင်ဘေး ဝဲ၊ ယာတစ်လျှောက်တွင် စက္ကူပန်းပင်၊ ပန်းအိပင်နှင့် နွယ်သာကီပန်းပင်များ မြေချစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

၂၀၁၁ ခုနှစ် အမ်တီဗွီရုပ်ရှင်ဆုပေးပွဲ၌ The Twilight Saga: Eclipse ဇာတ်ကား အကောင်းဆုံးဆုရ

၂၀၁၁ ခုနှစ်၏ အမ်တီဗွီရုပ်ရှင်ဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဇွန် ၅ ရက်က ကျင်းပခဲ့ရာ The Twilight Saga: Eclipse ဇာတ်ကားက အကောင်းဆုံးဇာတ်ကားဆုအပါအဝင် ဆုငါးခု ဆွတ်ခူးရရှိသွားသည်။

ယင်းဇာတ်ကားသည် စတက်ဟန်နီမီယာ၏ ၂၀၀၇ ခုနှစ်က ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ဂန္ထဝင် အချစ်ဇာတ်လမ်း သွေးစုပ်ဖုတ်ကောင် ဇာတ်ကားတစ်ပိုင်းအနေဖြင့် အော်စကာဆုရဇာတ်ကား Black Swan, Harry Potter and the Deathly Hallows: Part I, The Social Network နှင့် Inception ဇာတ်ကားများကို ကျော်လွန်၍ သုံးနှစ်မြောက် အကောင်းဆုံးဇာတ်ကားဆုရရှိခြင်းလည်း ဖြစ်သည်။

၎င်းဇာတ်ကားတွင် အဓိကပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသားရောဘတ်ပတ်တင်ဆန်နှင့် မင်းသမီးခရစ္စတင်းစတီးဝပ်တို့သည်လည်း အကောင်းဆုံးအမျိုးသား၊ အမျိုးသမီး သရုပ်ဆောင်ဆုများ ရရှိသွားသည်။

ယင်းဇာတ်ကားတွင် ရောဘတ်ပတ်တင်ဆန်၏ချစ်သူအဖြစ် သရုပ်ဆောင်ခဲ့သူ ခရစ္စတင်းစတီးဝပ်**(အပေါ်ပုံ)**သည် ယင်းဆုကို အမ်မာစတုန်း၊ အမ်မာဝပ်ဆန်း၊ ဂျနီဖာအင်နစ်စတန်နှင့် နာတာလီပေါ့မန်းတို့ကို ကျော်လွန်၍ ရရှိခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အာရှရုပ်ရှင်ဇာတ်လမ်းတိုဆု အင်ဒိုနီးရှားဒါရိုက်တာရရှိ

ပထမအကြိမ်အဖြစ် ကျင်းပလျက်ရှိသော စင်ကာပူရုပ်ရှင်ပွဲတော်၌ အာရှရုပ်ရှင်ဇာတ်လမ်းတိုဆုတွင် Red Umbrella ဇာတ်ကားကို ရိုက်ကူးခဲ့သည့် အင်ဒိုနီးရှားဒါရိုက်တာက ရရှိသွားကြောင်း တနင်္လာနေ့ သတင်းများတွင် ဖော်ပြသည်။

၎င်းဇာတ်ကားသည် ချောမောလှပပြီး ပဟေဠိဆန်သော ခရီးသွားလူငယ်တစ်ဦးက မိသားစုတစ်ခု၏ အရေးကြီးပုံကို တက္ကစီယာဉ်မောင်းတစ်ဦးအား ထောက်ပြပြောဆိုသွားသည့် တက္ကစီယာဉ်မောင်းတစ်ဦး၏ အတွေ့အကြုံကို ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။

ယင်းဇာတ်ကားကို ရိုက်ကူးခဲ့သူ အသက် (၃၃) နှစ်အရွယ်ရှိ အင်ဒရီကွန်းနှင့် တွဲဖက်ဒါရိုက်တာ အက်ဒဝပ်ဂူနာဝန်(၂၈)နှစ်တို့က ၎င်းဇာတ်ကားသည် နောက်ဆုံးမိနစ်ထိအောင် အံ့သြဖွယ်ရာများကို ပေးစွမ်းနိုင်သည်ဟုဆိုသည်။

စင်ကာပူဒေါ်လာ ၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၈၁၀) ရရှိမည့် အာရှရုပ်ရှင်ဇာတ်လမ်းတိုဆု ရွေးချယ်ပြိုင်ပွဲကို အာရှ-ပစိဖိတ်ဒေသမှ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ရုပ်ရှင်ကား ၉၀ ကို ပြီးခဲ့သည့် လအတွင်းက လက်ခံရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲသို့ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ သြစတြေးလျ၊ အိန္ဒိယ၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ နယူးဇီလန်၊ အင်ဒိုနီးရှား၊ တရုတ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)တို့မှ ရုပ်ရှင်ဒါရိုက်တာများက ၎င်းတို့၏ ရုပ်ရှင်ကားများကို ပေးပို့ယှဉ်ပြိုင်ခဲ့ကြသည်။

အာရှရုပ်ရှင်ဇာတ်လမ်းတိုဆု ရွေးချယ်ပြိုင်ပွဲကို အထင်ကရ ရုပ်ရှင်ဒါရိုက်တာများနှင့် အော်စကာဆု သုံးကြိမ်ရ အိုလီဗာစတုန်းတို့က အကဲဖြတ် ဒိုင်လူကြီးများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အင်တာနက်။

အောဝမ်းစိုး

ပြည်သူများအပြုံးပန်းပွင့်လန်းစေသည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ

"ကျောက်ဖြူမှာ ရုပ်မြင်သံကြား အစီအစဉ်တွေ ကြည့်ရတာ ကောင်းလိုက်တာကွာ"

ကျောက်ဖြူမြို့မှ အလည်ရောက်နေသော ဦးလေးဖြစ်သူက ပြောကြားလိုက်သဖြင့် အံ့ဩသွားသည်။ ယခင်က ကျောက်ဖြူမြို့၌ ရုပ်မြင်သံကြား အစီအစဉ်များ ကောင်းမွန်စွာ ကြည့်ရှုမရရှိခဲ့သည်ကို သိထားခဲ့သည်။ ယခုအချိန်၌ ရခိုင်ပြည်နယ်ရှိ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်၊ လမူးနှင့် မအီမြို့နယ်များနှင့် အနီးဝန်းကျင်ဒေသများတွင် ရုပ်မြင်သံကြားအစီအစဉ်များကို ဒေသခံများ စိတ်တိုင်းကျ ကြည့်ရှုခွင့်ရရှိခဲ့ကြပြီ။

နေ့စဉ် လူမှုဘဝမျိုးစုံ ကြုံတွေ့ဖြတ်သန်းနေရသော ပြည်သူများ အနေဖြင့် ဖျော်ဖြေရေး၊ ပညာပေးရေးနှင့် ပြန်ကြားရေးအစီအစဉ်များ ကြည့်ရှုရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းဒေသ အသီးသီးမှ ပြည်သူများ ရုပ်မြင်သံကြား အစီအစဉ်များကို အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်၊ လမူးနှင့် မအီမြို့နယ်များနှင့် အနီးဝန်းကျင်ဒေသများမှ ပြည်သူများ ရုပ်မြင်သံကြားအစီအစဉ်များကို နေ့စဉ် ကြည်လင်ပြတ်သားစွာ ကြည့်ရှုအပန်းဖြေနိုင်ကြပြီ ဖြစ်သည်။ မင်္ဂလာရှိသော သတင်းပင်။

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တည်ဆောက်ပေးခဲ့သည့် ရုပ်မြင်သံကြား ထပ်ဆင့်အသံလွှင့်စက်ရုံကို ပိန္နဲတောင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဟု အမည်ပေးထားသည်။ စက်ရုံတည်ဆောက်ရန် မြေနေရာ ရွေးချယ်မှုကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့ရာ ရန်ကုန်-ကျောက်ဖြူကားလမ်းမ မိုင်တိုင်အမှတ် ၇၂/၅ (ဒေသအခေါ် View Point) တွင် နေရာသတ်မှတ်ပြီး ပန္နက်တင်မင်္ဂလာကျင်းပခဲ့ခြင်း ဖြစ်သည်။

ပိန္နဲတောင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက ၂၀၀၉ ခုနှစ် မေလတွင် ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့သည်။ စက်ရုံ အဆောက်အအုံ၊ အင်ဂျင်ရုံ၊ ဆီသိုလှောင်ရုံ၊ စက်ရုံမှူးနေအိမ်၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုးနှင့် အတွင်းပတ်လမ်းများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလ၌ အပြီးတည်ဆောက်နိုင်ခဲ့သည်။ မြန်မြန်နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ခြင်းဖြင့် ပြည်သူများ အကျိုးကျေးဇူး မြန်မြန်ခံစားနိုင်ရေး ရည်ရွယ်ချက်အရ အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။

ဒုတိယအဆင့် တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် တာဝါဖောင်ဒေးရှင်း၊ ရေရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများကို ရွှေတောင်ကုမ္ပဏီကပင် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ၌ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ယင်းလုပ်ငန်းများ အောင်မြင်ပြီးစီးခဲ့သည်။ ဆက်လက်ပြီး တာဝါတပ်ဆင်ခြင်း၊ အင်တင်နာတပ်ဆင်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ခြင်းကို ၂၀၁၁ ခုနှစ် မတ်လဆန်းမှ စတင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၁ ရက်မှစတင်ပြီး ရုပ်မြင်သံကြား အစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

ထို့နောက် ၂၀၁၁ ခုနှစ် မေ ၁ ရက်မှ စတင်ကာ လွှင့်အား (3KV) လိုင်းနံပါတ် (J-၁၇) ဖြင့် နေ့စဉ် ည ၂ နာရီမှ အစီအစဉ်ပြီးဆုံးသည်အထိ ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ယခုအခါ ရမ်းဗြဲ၊ မာန်အောင်၊ ကျောက်ဖြူ၊ လမူးနှင့် မအီမြို့နယ်များဝန်းကျင်မှ ဒေသခံပြည်သူများ နေ့စဉ် ရုပ်မြင်သံကြားအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ စိတ်တိုင်းကျ ကြည့်ရှုနိုင်နေကြခြင်းပင်ဖြစ်သည်။ နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းလက်တွဲမှုတို့ကြောင့် ပြည်သူတို့အတွက် အကျိုးပြု လုပ်ငန်းများ အကောင်အထည်ပေါ်လာခြင်းပင်ဖြစ်သည်။

"ရုပ်မြင်သံကြားအစီအစဉ်တွေ အခုလိုကောင်းကောင်းမွန်မွန်နဲ့ ကြည့်ရတော့ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေ မျက်ဝါးထင်ထင်မြင်တွေ့ရလို့ အားရကျေနပ်သလို နိုင်ငံတကာ အဖြစ်အပျက်တွေ ကြည့်ရတော့လည်း သင်ခန်းစာယူစရာပါပဲ။ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကတော့ ပြည်သူတွေ အပန်းဖြေစရာပေါ့ကွာ"ဟု ဦးလေးဖြစ်သူက ဝမ်းပန်းတသာ ပြောပြပါသည်။ ရခိုင်ပြည်နယ်မှ ပြည်သူတွေ ပျော်နေကြမည်ကို စိတ်ထဲတွေးနေမိသည်။ အိမ်မှ တီဗွီရှေ့ထိုင်ရင်း တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးမှ အဖြစ်အပျက်တွေ မြင်တွေ့နေကြရသည်မဟုတ်ပါလား။

နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ထားမှုကို ပြန်စဉ်းစားမိသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်ဦးရွက်မှုဖြင့် ဒေသအသီးသီးတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ အစီအရီပေါ်ထွက်လာမှုကို သတိပြုမိခဲ့သည်။ ပြည်သူများအတွက် စေတနာရှေ့ထား ဆောင်ရွက်မှုများအဖြစ် အသိအမှတ်ပြုစရာပင်ဖြစ်သည်။

ထိုသို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံများ တည်ဆောက်ခဲ့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့၌ တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၅၀ ဝပ်၊ လိုင်းနံပါတ် J -၁၃ ရှိသည့် ထပ်ဆင့်လွှင့် စက်ရုံကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၀ ရက်၌ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် ဧပြီ ၂၉ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ ဒေသခံပြည်သူများအတွက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ စတင်ပြီး ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ရှုနိုင်ခဲ့ကြသည်။

တောင်ပေါ်နှင့် မြေပြန့်မခြားဘဲ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန် ချင်းပြည်နယ် ဖလမ်းမြို့တွင် ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံကို တည်ဆောက်ပေးခဲ့သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းတွင်လည်း တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၃၀၀ ဝပ်၊ လိုင်းနံပါတ် J-၁၃ ရှိသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆုထူးစံ ကုမ္ပဏီတို့ ပူးပေါင်းပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်၌ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြီးစီးခဲ့သဖြင့် ဒေသခံပြည်သူများ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ခဲ့ကြပြီဖြစ်သည်။ ဒေသခံပြည်သူများ ပျော်ရွှင်မဆုံး ဖြစ်ခဲ့ကြရသည်။

တစ်ဖန် ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်ချိုတွင်လည်း ပြန်ကြားရေး ဝန်ကြီးဌာနနှင့် မြဝင်းဆောက်လုပ်ရေး လုပ်ငန်းတို့ပူးတွဲပြီး တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၅၀ ဝပ်၊ လိုင်းနံပါတ် J-၁၆ ရှိသည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ၂၀၁၀ ခုနှစ် မေ ၁ ရက်၌ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်၌ တာဝါနှင့် စက်ပစ္စည်းများတပ်ဆင်ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ စတင်ကာ ဒေသခံပြည်သူများ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုခွင့်ရရှိခဲ့သည်။ တစ်နေ့တာ အလုပ်ပြီးချိန် အိမ်၌ တီဗွီထိုင်ကြည့်ရင်း စိတ်ရောကိုယ်ပါ အပန်းဖြေနိုင်ကြပြီ ဖြစ်သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုလည်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က စတင်တည်ဆောက်ခဲ့ရာ လုပ်ငန်းများ ၂၀၁၀ ခုနှစ် မေ ၁၀ ရက်၌ ပြီးစီးခဲ့သည်။ တာဝါနှင့် စက်ပစ္စည်းများ တပ်ဆင်မှုမှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြီးစီးခဲ့ပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ စတင်ကာ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ခဲ့ကြသည်။

ထို့အတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ဝမ်ပန်ရွာတွင် တာဝါအမြင့် ၃၀ မီတာ၊ လွှင့်အား ၁၀ ဝပ်နှင့် လိုင်းနံပါတ် J -၁၃ ရှိသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၀၁၀ ခုနှစ် မေလ ၁ ရက်၌ စတင်တည်ဆောက်ခဲ့သည်။ တာဝါနှင့် စက်ပစ္စည်းများ တပ်ဆင်မှုကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြီးစီးခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်မှ စတင်ပြီး ရုပ်မြင်သံကြားအစီအစဉ်များကို ဒေသခံတိုင်းရင်းသား ပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ခဲ့ကြသဖြင့် ပြုံးပန်းများ ဝေဆာခဲ့ကြသည်။

နိုင်ငံတစ်ဝန်း နယ်စပ်ဒေသများ မကျန် ရုပ်မြင်သံကြား အစီအစဉ်များကို ဒေသခံတိုင်းရင်းသား ပြည်သူများ နေ့စဉ်ကြည်လင်ပြတ်သားစွာ ကြည့်ရှုခံစားနိုင်ကြသဖြင့် ပီတိဖြာဝေလျက်ရှိကြသည်။ နိုင်ငံတော်ကလည်း ပြည်သူများအတွက် အကျိုးရှိသော ဖြည့်ဆည်းမှုတစ်ရပ်ကို လက်တွေ့ အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်း ဖြစ်ရာ နိုင်ငံတော်၏ စေတနာအလှတရား တစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို စဉ်ဆက်မပြတ် ကြည့်ရှုနိုင်ရန်အတွက် စစ်တွေမြို့တွင် ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပေးထားသည်။

မောင်မောင်မြင့်ဆွေ ရေးသားသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများ၏ တင်ပြချက်များကို အလေးထားဆောင်ရွက်သွားခြင်းဖြင့် ပြည်သူများ၏ ယုံကြည်မှု ရရှိမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတစ်ခုတည်ထောင်၍ တိုင်းဒေသကြီး၏ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များအလိုက် တင်ပြထားသော ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ကွက်သစ်လမ်းနှင့် ရေကျော်လမ်းကြား (YMBA နောက်ဘက်)နောက်ဖေးလမ်းကြားရှိ စားသောက်ဆိုင်အချို့ကြောင့် အမှိုက်များ ရေမြောင်းအတွင်း ပိတ်ကာ မြေညီထပ်နေအိမ်များအတွင်းသို့ ရေဆိုးများ ဝင်ရောက်လျက်ရှိပါသည်။ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ/ရပ်ကွက်သား

တာယာရောင်းချ လမ်းပိတ်ဆို့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗိုလ်မိုးလမ်း မြေနီကုန်း(တောင်)ရပ်ကွက်အတွင်း တာယာရောင်းချသောဆိုင်များကြောင့် လမ်းပိတ်ဆို့နေသဖြင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်နေကြရပါ၍ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက်တွင်း ခွေးလေခွေးလွင့်များရှိရာ လမ်းသွားလမ်းလာများ ခွေးကိုက်ခံရမှုအန္တရာယ် စိုးရိမ်ရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

တရားမဝင်ဈေးရောင်းချမှု ဖယ်ရှားရှင်းလင်းပြီး

၃၀-၄-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်းနှင့် ဩဘာလမ်းပေါ်၌ တရားမဝင် ဈေးရောင်းချမှု ဖယ်ရှားပေးစေချင် ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိလာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၄) ရပ်ကွက် ပျဉ်းကတိုးလမ်းနေ ကွယ်လွန်သူကျေးဇူးရှင်မိဘများအား ရည်စူး၍ ဦးသန်းစော-ဒေါ်မြင့်မြင့်ခိုင်၊ သား မောင်ကျော်ယျာထက် မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong နှင့် ပထမအတွင်းဝန် Mr. Park Kil Chae တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-yong နှင့် ပထမအတွင်းဝန် Mr. Park Kil Chae တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများ ကိုရီးယားသမ္မတနိုင်ငံတွင် ဆေးဘက်ဆိုင်ရာ အထူးပြုဘာသာရပ်များ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှုသင်တန်း(၂/၂၀၁၁)သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှုသင်တန်း(၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ (ကျောက်စိမ်းခန်းမ)၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အရာထမ်းများအတွက် ရုံးသုံးအင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှုသင်တန်း(၂/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြစ်သာမြစ်ရေ ရေစီးအားအသုံးပြု လျှပ်စစ်ဓာတ်အားထုတ်ယူ

သတင်းမှတ်စု - ကျော်သန်းဆွေ

ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာတွင် မြစ်သာမြစ်ရေစီးအားကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူကာ ဖန်ချောင်း၊ မီးကွေးများထွန်းညှိပြီး အပေါ်စက်၊ အောက်စက်များအသုံးပြုလျက် သတင်း၊ ဗဟုသုတနှင့် ဖျော်ဖြေရေးအစီအစဉ်များ လေ့လာကြည့်ရှုနေသည်ကို ဧပြီ ၂၄ ရက်က တွေ့မြင်ခဲ့ရသည်။

၄၀၀၀ ဝပ်အားထွက်

အဆိုပါလုပ်ငန်းကို မင်းရွာကျေးရွာနေ ဦးမြင့်ဆွေက မြစ်သာမြစ်ရေစီးတွင် ဒလက်ပါရှပ်တန်း ဝင်ရိုး၊ ဝင်ရိုးတွင် သစ်သားပူလီဘီး၊ ပူလီဘီးမှ ၄၀၀၀ ဝပ်အား ထွက်ရှိနိုင်သည့် အေစီဓာတ်အားထွက် ဒိုင်နမိုငယ်ကို ဆက်သွယ်လည်ပတ်စေခြင်းဖြင့်**(အောက်ပုံ)** လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းဖြစ်သည်။ မီးချောင်း၊ မီးကွေး ၂၀ ကျော်ထွန်းညှိ၍ အပေါ်စက်၊ အောက်စက်နှစ်စုံကို အသုံးပြုလျက်ရှိနေသည်။ ညဘက်တွင် လျှပ်စစ်မီးထွန်းညှိအသုံးပြုကာ နေ့ဘက်တွင် ချာဂျာအသုံးပြု၍ ဘက်ထရီအိုးများ အားဖြည့်ပေးကြောင်း သိရသည်။

လျှပ်စစ်မီးထုတ်ယူ

အလားတူ မင်းရွာနှင့် အနီးပတ်ဝန်းကျင်ရှိ အညာတော၊ လက်ဝဲကုန်း၊ တောဖို့ကျေးရွာများတွင်လည်း မြစ်သာမြစ်ရေစီးအားကို အသုံးပြု၍ လျှပ်စစ်မီးထုတ်ယူအသုံးပြုလျက်ရှိနေကြောင်း သိရသည်။ ။

ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် ဇွန် ၆

အခွန်ထမ်းပြည်သူများအား ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၁၂ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က အဖွင့်အမှာ စကားပြောကြားပြီး မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးခေါင်မင်း**(အောက်ပုံ)**က အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြီး အခွန်ထမ်းပြည်သူများက သိလိုသည့်အချက်များကိုမေးမြန်းရာ မြို့နယ်မှူးက သိလိုသည့်အချက်များကို ဖြည့်စွက်ရှင်းလင်းသည်။

အလားတူ အခွန်ထမ်းရွှေဆိုင်ပိုင်ရှင်များအား ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်/အခွန်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်(၂၀၁၁) အစည်းအဝေးကို ဇွန် ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး အပေါ်ဆုံးထပ်၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

အရက်ကြောင့် ဆင်ခြင်မဲ့စွာ သမီးအား ဝါးတုတ်ဖြင့် ရိုက်သတ်

ရန်ကုန် ဇွန် ၆

ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာနေ မဝင်းဝင်းမော်က အရက်မူးနေသော ခင်ပွန်း ကျော်မျိုးအောင် (ခ)အရှည်ကြီးက ဝါးတုတ်ဖြင့် ရိုက်နှက်မှုကြောင့် သမီးဖြစ်သူအိပ်ရာထဲတွင် မထနိုင်ကြောင်း ဖေဖော်ဝါရီ ၅ ရက် ညနေ ၄ နာရီတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ မမိုးသူဇာ(၇)နှစ်မှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ဦးက အရေးယူပေးရန် တိုင်ကြားခဲ့ရာ ဖောင်တော်သီရဲစခန်းက သက်ဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုအား တရားစွဲတင်ပို့ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဒုတိယခရိုင်(၂) တရားရုံးက လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ဒိုက်ဦးမြို့နယ် ဖောင်တော်သီရွာနေ တရားခံ ကျော်မျိုးအောင်(ခ) အရှည်ကြီး(၃၂)နှစ်အား အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် မေ ၁၉ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

(ဥမ္မာသန့်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဖြူးချောင်းတံတားပေါ်၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

ဖြူး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့မြောက်ဘက်အထွက် ဖြူးချောင်းတံတားပေါ် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်းတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိသဖြင့် အခင်းဖြစ်သည့်နေရာ၌ပင် နှစ်ဦးစလုံး ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် နံနက် ၃ နာရီခန့်က ရေသျှံကြီးကျေးရွာအုပ်စု ဝဲဒေါင့်ရွာအနီး ရန်ကုန်-မန္တလေးပုံမှန်လမ်း ဖြူးချောင်းတံတားပေါ်တွင် အမည်မသိ အသက်(၁၈)နှစ်ခန့် လူငယ်တစ်ဦး မောင်းလာသည့် နယူးအင်ဘိုသာ အမျိုးအစား အနက်ရောင် ၁၉/ယနှင့် တောင်မှမြောက်သို့ အမည်မသိ အသက်(၃၀)အရွယ် အမျိုးသားတစ်ဦး စီးနင်းလာသော ဟွန်ဒါဒရင်းအနက်ရောင် နံပါတ်မထင်ရှား ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ နှစ်ဦးစလုံး ဒဏ်ရာပြင်းထန်စွာရရှိပြီး အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားသည်။ အမှုကို ဖြူးရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၄၀)

နှစ်လုံး၊ သုံးလုံး လောင်းကစားသူများအား ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် သတင်းအရ သဘော့ကန်ကျေးရွာမှ မင်းရွာသို့သွားသည့် လမ်းပေါ်တွင် မောင်သိန်း(ခ) သိန်းဆန်းအား သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ငွေကျပ် ၃၇၀၀၀ တို့အား တွေ့ရှိသဖြင့် ဝေါရဲစခန်းမှ ဥပဒေအရအရေးယူခဲ့သည်။

အမိန့်ချမှတ်

အဆိုပါ အမှုအား ဝေါမြို့နယ်တရားရုံးသို့တရားစွဲဆို စစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ဝေါမြို့နယ်နေ မောင်သိန်း(ခ)သိန်းဆန်း အသက်(၃၀) အား အလုပ်နှင့်ထောင်ဒဏ် တစ်နှစ် ကျခံစေရန်နှင့် သက်သေခံ ငွေကျပ် ၃၇၀၀၀ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် မေ ၂၅ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

(ဥမ္မာသန့်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo
- ၅း၀၅ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “ဗုဒ္ဓဘာသာအစ သရဏဂုံက” တရားတော် (ဆရာတော်အရှင်အာစာရ)
- ၆း၃၅ စွယ်တော်လေးဆူဆုပန်ယူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၂၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၈၅)**
- ၈း၅၀ ရောင်စုံပန်းတို့အလှခြယ်ရာ. . . ကမ်းလင့်မေတ္တာဖေးကူပါ. . .
- ၉း၀၅ Activities in The City
- ၉း၁၅ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ပထမအကြိမ်နည်းပညာဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ
- ၉း၃၅ Cartoon Show Time (RIO)
- ၁၀း၁၅ နိုင်ငံခြားတွင် ပညာသင်ကြားရေးအတွက်အထောက်အကူပြုမည့် STUDY ABROAD
- ၁၀း၃၅ Celebrity Style
- ၁၁း၀၀ International Show Biz
- ၁၁း၁၅ တွယ်တာရဲ့ တွယ်တာ
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ သင်ကြားရေးလမ်းညွှန်
- ၁၂း၃၀ သိန်းနီမြို့မှထူးခြားလှတဲ့ သာသနာ့အမွေ
- ၁း၀၀ “ဗုဒ္ဓဘာသာအစ သရဏဂုံက” တရားတော် (ဆရာတော်အရှင်အာစာရ)
- ၁း၄၅ အံ့ဖွယ်တမူ“ဆဒ္ဒါန်ဂူ”
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၅၀ မြန်မာ့တိုင်းရင်းဆေးပြပွဲ ဂုဏ်ဒြပ်ကိုဖော်ဆောင်မည့် ရုက္ခမူလ
- ၃း၀၀ GANO Excel Myanmar ၏ နှစ်ပတ်လည်ဂုဏ်ပြုအခမ်းအနား
- ၃း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၂၇)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၈၅)**
- ၅း၀၀ The Champion of Dance
- ၅း၄၀ Appeton Dream Win ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား
- ၅း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ကျောင်းဖွင့်ချိန်
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၂၈)**
- ၇း၂၀ Celebrity Choice
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၈၆)**
- ၁၀း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ
- ၁၀း၅၅ သဒ္ဓါကြည်ဖြူကုသိုလ်ယူ ဘီတွတ်ရွာမှ မြတ်သောအလှူ
- ၁၁း၂၀ World of Knowledge
- ၁၂း၀၅ Rainforest Homeland (Part-2)
- ၁၂း၃၀ လုပချစ်စရာလက်မှုအနုပညာ
- ၁၂း၅၅ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
- ၁း၀၅ Shooting Location
- ၁း၂၅ စိန်တို့ရဲ့ကမ္ဘာစိန်ဧကရာဇ်ပါ
- ၁း၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၅၅ အက်စစ်မိုး -Acid Rain
- ၂း၃၅ အလျော်အစား
- ၂း၄၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၁၀ ဘယ်သူ့ကိုအချစ်ဆုံးလဲ
- ၄း၂၅ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၄း၃၅ Smart Dictionary အကြောင်း သိကောင်းစရာ
- ၄း၅၀ ခနော်ဖြူမြို့ရဲ့အထင်ကရ နေရာများဆီသို့ အလည်တစ်ခေါက်
- ၅း၀၀ အစီအစဉ်ပြီး။

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ရေနံချောင်းနှင့် ချောက်မြို့နယ်တို့၌ အားကစားလုပ်ငန်းများ ဆွေးနွေးမှာကြား

နေပြည်တော် ဇွန် ၆

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ဇွန် ၄ ရက် ညနေပိုင်းတွင် ရေနံချောင်းမြို့သို့ရောက်ရှိကာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဧည့်ခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များနှင့် တွေ့ဆုံ၍ အားကစားနှင့် ပညာရေး ပေါင်းစပ်ကာ အားကစားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ချောက်မြို့သို့ရောက်ရှိကာ မြို့နယ်ဧည့်ရိပ်သာခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များနှင့်တွေ့ဆုံ၍ အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် ယှဉ်ပြိုင်အားကစားကို ကျောင်းသားလူငယ်များ အားတက်သရော ရှိလာစေရေး ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ရွှေရတုအထိမ်းအမှတ်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၆

၁၉၆၁ ခုနှစ်၊ ရှမ်းပြည်နယ် ဥပစာကောလိပ်မှ တောင်ကြီးတက္ကသိုလ်အထိ တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ရွှေရတုအထိမ်းအမှတ်ပွဲကို ဇွန် ၁၈ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ Y.M.C.A ခန်းမ(မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်)၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းအုပ်ကြီးဟောင်း၊ ပါမောက္ခချုပ်ဟောင်း၊ ကျောင်းသားဟောင်းများနှင့် စာရေးဆရာကြီးတို့က ဟောပြောပွဲနှင့် အမှတ်တရဓာတ်ပုံမှတ်တမ်းပြခန်းတို့ဖြင့် ကျင်းပမည်ဖြစ်သည်။

ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ထို့ပြင် အထိမ်းအမှတ်မဂ္ဂဇင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အာစရိယပူဇော်ပွဲအမီ ထုတ်ဝေမည်ဖြစ်ရာ စာမူများနှင့် စီးပွားရေးကြော်ငြာများ ပေးပို့လိုပါက ဒေါက်တာသာညာဏ် ဖုန်း-၀၉-၈၀၃၃၄၄၆၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉-၇၃၀၇၇၈၂၆၊ ကိုတင့်နိုင် ဖုန်း-၀၉-၅၀၃၂၂၈၈၊ ဦးသန်းဦး ဖုန်း-၀၅၂-၃၀၅၂၅နှင့် ဒေါ်စီစီဝင်း ဖုန်း-၀၁-၅၅၆၇၃၇ တို့သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်း အားကစားသတင်းများ

ဝါဆိုခြင်းအလှူခတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ အသင်းပေါင်း ၁၄၄၀ ပါဝင်ခတ်ကစား

မန္တလေး ဇွန် ၆

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှူခတ်ပွဲတော်ကျင်းပရေးကော်မတီမှ ကြီးမှူးကျင်းပသော (၈၃)ကြိမ်မြောက် ဝါဆိုခြင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က ဘုရားကြီးအနောက် ၄၅ တာ ဝါဆိုခြင်းလုံးအားကစားရုံ၌ ကျင်းပရာ ကျင်းပရေးကော်မတီနာယကများဖြစ်ကြသော မဟာမုနိဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးပြေဝင်းနှင့် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** ခြင်းဝါသနာရှင် အထူးပွဲ(၁)အဖွဲ့မှ ဧည့်ခံခတ်ကစားကြသည်။

အဆိုပါ ခြင်းအလှူခတ်ပွဲတော်ကြီးတွင် ခြင်းဝါသနာရှင် အသင်းပေါင်း ၁၄၄၀ တို့က ပါဝင်ခတ်ကစားကြမည်ဖြစ်ပြီး ခြင်းအလှူခတ်ပွဲတော်ကြီးကို မေ ၃၀ ရက်မှစ၍ ဇူလိုင် ၁၆ ရက်အထိ ၄၈ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ခြင်းဝါသနာရှင်အသင်းတစ်သင်းလျှင် မိနစ် ၃၀ နှုန်းဖြင့် တစ်ရက်လျှင် ခြင်းအသင်း ၃၀ တို့က နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ ခြင်းပွဲတော်လာ ပြည်သူများအား ခြင်းခတ်ကစားပြကြကြောင်း သိရသည်။(ကြေးမုံ)

ပြည်တွင်း အားကစားသတင်းများ

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့သိုင်းယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၆

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ပဏာမ သိုင်းလက်ရွေးစင် ၂၀ ကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အတိုက်၊ အပြ ပြိုင်ပွဲနှစ်မျိုးစလုံး၏ တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ၌ မြန်မာ့သိုင်းလက်ရွေးစင်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးနှင့် ဆုတံဆိပ်များ ရရှိရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပ အားကစားသတင်းများ

အာဆင်နယ်တွင် နာဆရီ၏ အနာဂတ် မသေချာတော့ပြီ

လန်ဒန် ဇွန် ၆

အာဆင်နယ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား နာဆရီသည် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ညှိနှိုင်းမှုများပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။ သို့သော် လက်ရှိအချိန်တွင် နာဆရီကို မန်ယူအသင်းက စိတ်ဝင်စားလျက်ရှိနေပြီး အကယ်၍ မန်ယူကသာ ၎င်းကို ကမ်းလှမ်းလာမည်ဆိုပါက အဆိုပါ ပြင်သစ်သားသည် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့သွားဖွယ်ရှိနေသည်။

အသက်(၂၃)နှစ်ရှိ နာဆရီသည် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် အာဆင်နယ်အသင်း၌ ဖာဘရီဂက်စ်နှင့်တွဲဖက်၍ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။ မန်ယူအသင်းတွင် ပေါလ်စခိုး အနားယူသွားပြီဖြစ်ခြင်းကြောင့် ၎င်း၏နေရာတွင် အစားထိုးရန် အဆင့်အတန်းမီ ကွင်းလယ်ကစားသမားတစ်ဦး မဖြစ်မနေ လိုအပ်လျက်ရှိနေသည်။ အကယ်၍ မန်ယူအနေဖြင့် အာဆင်နယ်နှင့် တစ်နှစ်သက်တမ်းစာချုပ်ရှိနေသေးသည့် နာဆရီကို ခေါ်ယူမည်ဆိုပါက ပေါင် ၂၅ သန်းခန့် ပေးရဖွယ်ရှိနေသည်။



အာဆင်နယ်တွင် အနာဂတ် မသေချာတော့သည့် နာဆရီ။

The Sun။

ဆွမ်ဆီးအသင်း ဒင်နီဂရာဟမ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် ဇွန် ၆

၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် ပရီမီယာလိဂ်၌ မြင်တွေ့ရတော့မည့် ဆွမ်ဆီးအသင်းသည် ဝက်ဖို့ဒ်အသင်းမှ တိုက်စစ်မှူး ဒင်နီဂရာဟမ်ကို ခေါ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီမှုများ ရရှိခဲ့ပြီဟုသိရသည်။

ဆွမ်ဆီးအသင်းသည် အဆိုပါ အသက်(၂၅)နှစ်ရှိတိုက်စစ်မှူးကို ပေါင် ၃ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံရှစ်တွင် ခြေစွမ်းပြခဲ့သည့် ဒင်နီဂရာဟမ်သည် လာမည့်နှစ်တွင် အသင်းသစ်ဆွမ်ဆီးနှင့်အတူ ပရီမီယာလိဂ်တွင် ဆက်လက်၍ ခြေစွမ်းပြနိုင်မည်လားဆိုသည်ကိုဖြင့် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ***ESPN***။

ဆွမ်ဆီးအသင်းက ခေါ်ယူမည့် ဒင်နီဂရာဟမ်။



ကစားသမားငါးဦးအတွက် ပေါင်သန်း၉၀ ရီးယဲလ်မျှော်လင့်

မက်ဒရစ် ဇွန် ၆

စပိန်လာလီဂါထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်သည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင် အသင်း၌ အံမဝင်ဖြစ်နေသည့် ကစားသမား အနည်းဆုံးငါးဦးခန့်ကို ထုတ်ရောင်းသွားမည်ဟု ဆိုသည်။

ရီးယဲလ်မက်ဒရစ်က အဓိကရောင်းထုတ်ရန်ရာထားသူများမှာ ဘရာဇီးကြယ်ပွင့် ကာကာ**(ဝဲပုံ)**မှာ ထိပ်ဆုံးမှပါဝင်နေသည်။ ရီးယဲလ်မက်ဒရစ် သည် ၎င်းတို့၏ ကွင်းလယ်ကစားသမား ကာကာအတွက် ပေါင်သန်း ၄၀ သတ်မှတ်ထားပြီး ဒီယာရာအတွက် ပေါင်သန်း ၂၀၊ ဂါဂိုအတွက် ပေါင် ၁၂ သန်း၊ ဂါရေးအတွက် ပေါင် ၁၀ သန်းနှင့် လီယွန် အတွက် ပေါင်ရှစ်သန်းရလျှင် မည်သည့်အသင်းကိုမဆို ရောင်းချမည်ဖြစ်သည်။ ထို့ပြင် လူငယ်ကစားသမားများဖြစ်သည့် မာတီအို့စ်နှင့် ကင်နာလက်စ်တို့ကိုလည်း အရောင်းစာရင်းတွင် ထည့်သွင်းထားသည်။

ကာကာအတွက် ပေါင်သန်း ၄၀ ဆိုသည်မှာ အနည်းငယ်များနေပြီး ၎င်းသည် ပရီမီယာလိဂ်တွင် အံဝင်မည် မဟုတ်ခြင်းကြောင့် အကယ်၍ ရီးယဲလ်မက်ဒရစ်မှ ထွက်ခွာမည်ဆိုပါက ဌာနေဟောင်း အီတလီသို့သာ ပြန်ရဖွယ်ရှိနေသည်။

အင်တာနက်။

ဟန်သစ်

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဇွန် ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်း(တစ်ပြည်လုံး)သို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၂ ဒသမ ၂၉ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ ဒသမ ၄၄ လက်မ၊ ဂန့်ဂေါမြို့နှင့် ဘီလင်းမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ ပြင်ဦးလွင်မြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၁ ဒသမ ၃၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဒီပလိုမာသင်တန်းများ တက်ရောက်သင်ကြားနိုင်

ရန်ကုန် ဇွန် ၆

နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများကို ပြည်တွင်း၌ပင် သင်ယူနိုင်ရန်အတွက် တက္ကသိုလ်ဝင်တန်းမှ ဘွဲ့ကြို၊ ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများအပြင် အင်ဂျင်နီယာ ကျောင်းသားများသည် ဒီပလိုမာစက်မှု၊ ဒီပလိုမာလျှပ်စစ်၊ ဒီပလိုမာအဲယားကွန်းနှင့် ရေခဲသေတ္တာ၊ ဒီပလိုမာမြို့ပြနှင့် ဒီပလိုမာလျှပ်စစ်တပ်ဆင်ရေး စသည့် ကြိုက်နှစ်သက်ရာ သင်တန်းများကို လုပ်ငန်းခွင်အကြို ရွေးချယ်သင်ယူကြကြောင်းသိရသည်။ ထို့ပြင် တီဗွီ၊ ဒီဗွီဒီ၊ အီးဗွီဒီ၊ ဝါယာရိန်း၊ မော်တာထရန်စဖော်မာ၊ ဂဟော၊ တွင်ခုံ၊ အင်ဂျင်စသည့် သင်တန်းများကို ရွေးချယ်သင်ယူလျက်ရှိရာ အဆိုပါ သင်တန်းများကို DUAL TECH သင်တန်းကျောင်းမှ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အလုပ်အကိုင်အခွင့်အလမ်းအတွက် ကွန်ပျူတာ၊ စာရင်းကိုင်နှင့် အင်္ဂလိပ်စာ သင်တန်းများကို တက်ရောက်သင်ကြားလိုသည့် သင်တန်းသားသစ်များလည်း လမ်းသစ်လမ်း အာလိန်ငါးဆင့် အင်းစိန်မြို့နယ် ဖုန်း-၇၂၇၂၉၃၊ ၀၉-၇၃၀၆၉၆၈၂ နှင့် အမှတ်(၆၀၂/၂) ရန်ကင်းလမ်းမ ၁၂ လုံးတန်းမှတ်တိုင်မီးပွိုင့် ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၀၂၀၈၀၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အားကစားသမားများ၏ သက်လုံစွမ်းရည် ပိုမိုတိုးတက်စေရေး လေ့ကျင့်ပေး အားကစားသမားများအနေဖြင့် စည်းကမ်းရှိရှိ လေ့ကျင့်နေထိုင်သွားလာ

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်နှင့် တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့မှ လက်ရွေးစင် အားကစားမောင်မယ်များ၏ လက်ရည်စမ်းယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

လက်ရည်စမ်း

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် လက်ရွေးစင် အားကစားသမားများက လက်ရည်စမ်းပြိုင်ပွဲများ ယှဉ်ပြိုင်ထိုးသတ်၍ လည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမားများက အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ကကွက်ပြိုင်ပွဲများ၊ အဖွဲ့လိုက် ကကွက်ပြိုင်ပွဲများနှင့် အမျိုးသား၊ အမျိုးသမီး အတိုက်ပြိုင်ပွဲများဖြင့် **စာမျက်နှာ ၃ ကော်လံ ၆ သို့** ❍

အားကစားသတင်းအညွှန်း

ဝါဆိုခြင်းအလှုခတ်ပွဲတော် ဖွင့်ပွဲကျင်းပ အသင်းပေါင်း ၁၄၄၀ ပါဝင်ခတ်ကစား

သတင်း စာမျက်နှာ - ၁၀

အာဆင်နယ် တွင် နာဆရီ၏ အနာဂတ် မသေချာတော့ပြီ

သတင်း စာမျက်နှာ - ၁၀

ဆွမ်ဆီးအသင်း ဒင်နီဂရာဟမ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

သတင်း စာမျက်နှာ - ၁၀



အနောက်တောင် မုတ်သုံလေဝင်ရောက်

နေပြည်တော် ဇွန် ၆

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်း (တစ်ပြည်လုံး)သို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်နှင့် တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့မှ လက်ရွေးစင် အားကစားမောင်မယ်များ၏ လက်ရည်စမ်းယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)